ဗောဓိကျောင်းရွာ

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

ကျောင်းရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျောင်းရွာဖွံ့ဖြိုးရေးအဖွဲ့

ဗောဓိကျောင်းရွာ၊ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

ကျောင်းလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာ တိ ကာ

စကားချီး

ဗောဓိကျေးရွာသယံဇာတပြဓေပုံ၊ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်အစီအစဉ်

(၁) **နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) **ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(ဇ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်သောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

(၇) **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက် အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ**

(က) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

(ခ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

(၈) **စီမံကိန်း စီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ**

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) **လူမှုစီးပွားရေးအခြေအနေ**

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၂၀) မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း ပြဿနာနှင့်အခက်အခဲများ

ဇယား (၂၄) ရွှေပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ

ဇယား (၂၅) ရွှေပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း

ဇယား (၂၆) ရွှေပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၃၀) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

ဇယား (၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ

ဇယား (၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

ဇယား (၃၅) လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

ဇယား (၃၈) အိမ်သာအမျိုးအစား

ဇယား (၃၉) ကျား-မ ကိစ္စရပ်ဆိုင်ရာ

ဇယား (၄၀) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာအခြေအနေ

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု

ဇယား (၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေ ကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃)　　ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ စီမံချက်အထိ)

ကိုးကားစာရင်း

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်လက်တို့၏ အရေးပါမှုကိုသိရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့်ပိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောက်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ

အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင်ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေး ဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်း များ၏ အသေးစိတ်ချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဇောဓိကျေးရွာ
ရခိုင်ပြည်နယ်၊ ဂွမြို့နယ်

ဗောဓိကျောင်းရွာ လူမှုရေး၊ သယံဇာတ နှင့် အရင်းမြစ်မြေပုံ



အပိုင်း (က)

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင်ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှုကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက်အသုံးဝင်မှုများအနေဖြင့်ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမို သိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သောဌင်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။ နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင်ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မကျေးငူရွာနှင့်ကျောက်ချွန်ရွာကားလမ်းပေါ်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဂွမြို့နှင့်ဆက်သွယ်သွားလာရခက်ခဲပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ ရေလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၉၀ မှ ၁၁၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်အတင့်အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ပင်လယ်ကမ်းနားတွင်တည်ရှိပြီး ဆားငန်ရေဝင်ရောက်မှုရှိပါသည်။ ကျေးရွာအနီးတွင်တောတောင်မြစ်ချောင်းများရှိပြီး မြေပြင်အနေအထားမှာ မြေပြန့်

ဖြစ်သည်။ လယ်ယာမြေများသည် စပါး၊ ပဲနှင့်ငရုပ် စိုက်ပျိုးထုတ်လုပ်ရန်နှင့် သက်မွေးဝမ်းကျောင်းရန်တို့ အတွက် အဓိကအားထားရာဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်များ

လယ်ယာမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတမှာသဲကျောက်များထွက်ရှိပါသည်။ တောင်သူများမှာ မိုးရေကို သာအဓိက ထားဆောင်ရွက်ရသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက (၈.၀၆) ဧကရှိပြီး စပါးနှင့် မတ်ပဲကိုအဓိက စိုက်ပျိုးကြသည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၂)စုနှင့်ကျား(၃၀)၊ မ(၂၄)ဦးဖြင့်လူဦးရေပေါင်း (၅၄)ဦးရှိကာ တစ်အိမ်ထောင် လျှင်ပျမ်းမျှ(၄.၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက်လျော့နည်းသည်။ ကျေးရွာ တွင် ရခိုင်လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ ၅၉.၂၅% ခန့်ရှိသဖြင့်လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသ စီးပွါးရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသမီးဦးရေသည်အမျိုးသား ဦးရေ ထက်နည်းနေသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် ရေလုပ်ငန်းနှင့်စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထား မှာသာမန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၃၄.၂၄% သည်ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး ၈.၃၃%သည် ချမ်းသာသည့် အဆင့်၊ ၃၃.၃၃% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာ မြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊လယ်ယာသုံးစက်ကရိယာများပိုင်ဆိုင်မှုနှင့်ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုမရှိခြင်း တို့ကြောင့်ကျေးရွာ့စီးပွါးရေးအနေအထားမှာကောင်းမွန်သည်ဟုမပြောနိုင်ပါ။ ယင်းတို့အနက်ဆင်းရဲအဆင့် သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ရေလုပ်သားများ မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်းရာသီအလိုက်လယ်ယာလုပ်ငန်း၊ ဆောက်လုပ် ရေးလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ တနိုင်တပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ် အကိုင်ရှာဖွေရရှိနိုင်ကြသည်။ ကျေးရွာမှဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၈) စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၁၁.၄၄%မှာ သူတပါးထံမှ ချေးငှါးပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၂၂.၈၂%မှာ သူတပါးထံမှ မချေးမငှါးပဲ သုံးလခန့်စားသုံးနိုင်ကြကြောင်း၊ တွေ့ရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၂၀၀၀၀၀/– ကျပ်မှဆယ်သိန်းကျပ်ထိ တင်ရှိနေကြ သည်။

(ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင်ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအာဟာရပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှုရှိကြောင်းတွေ့ရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြပြီး ၁ ဖာလုံဝေးပြီးဆိုင်ကယ်ဖြင့် အလွယ်တကူသွားလာနိုင်သောကျေးလက်ဆေးပေးခန်းနှင့်လည်းလက်လှမ်းမီသည်။ ကျေးရွာတွင် လက်ငင်ရေတွင်းကိုသာ အသုံးပြုကြပြီး ဝမ်းပျက်ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွါးမှုများနည်းပါးကြောင်း တွေ့ရသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်းတွေ့ရှိရပါသည်။ ရွာသားအများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီးဘွဲ့ရအရေအတွက်နည်းပါးသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊ မူလွန်ကျောင်းခွဲတို့တွင်တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော်သက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင်ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည်သာမန်အားဖြင့်ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟုယေဘုယျပြောနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁) ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့အစည်းသည် ဘာသာရေးနှင့်ပတ်သက်၍ စည်းလုံးစွာလုပ်ဆောင်ကြပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးအဓိကထားစိုက်ပျိုးကြသည်။ မိုစပါးစိုက်ဧက (၈.၀၆)ရှိပြီး မိုးစပါးပျမ်းမျှအထွက်မှာ (၅၀) တင်းထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကိုသုံးကြသည်။

ကျေးရွာတွင်ဝက်မွေးသူအိမ်ထောင်စုများမှာ ဒေသမှဝက်မျိုးများကိုမွေးမြူကြသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာအဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊

တိုးချဲ့ဆောင်ရွက်ရန် ချေးငွေကိုအလွယ်တကူမရရှိနိုင်ကြချေ။ ရွာထဲမှငွေချေးသူများထံမှ ချေးငှါးလျှင်လည်း အတိုးနှုန်းမှာမြင့်မားတတ်သည်။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လက်လုပ်လက်စားအလုပ်များမှာစိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

(ဃ) ပါတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လအတိုးနှုန်း ၆ဂုပြားတိုး၊ တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာသားအများစုသည် ချေးငွေကိုအကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့်စားနပ်ရိက္ခာအတွက်ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်းအကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သောဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီးအကြွေးငွေ ၁၀,၀၀၀ကျပ်မှဆယ်သိန်းအထိ ချေးယူထားကြောင်းတွေ့ရှိရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းနှင့်မူလွန်ကို ၆၀ ပေ၊ ၄၀ ပေ၊ ၁၈ ပေ ၊ ၆၀ ပေ၊ ၂၀ ပေ၊ ၁၈ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့်အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ ရွာသားအားလုံးမှာရေးတတ်ဖတ်တတ်ကြပြီး လူဦးရေအားလုံး၏ ၁၂%မှာ ဘုန်းကြီးကျောင်း ပညာရေးကိုရရှိထားကြသည်။ ကျောင်းတွင်ပရိဘောဂတို့လုံလောက်ပြီး မူလတန်းပြဆရာ/မ (၆)ဦး၊ မူလွန်တွင် ဆရာ/မ (၃)ဦးတို့ရှိကြသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း အနီးရွာတွင်ရှိပါသည်။ သောက်ရေအတွက် လက်ငင်ရေတွင်းကိုသုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်း

ကိုအုတ်ဖြင့်ဆောက်လုပ်ထားကြပြီးဆင်းရဲသော အိမ်ထောင်စုများကဝါးထရံဖြင့် ဆောက်လုပ်သုံးစွဲကြသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ သူတို့သည်ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီးဘာသာရေးပွဲတော်များတွင်လည်းရိုးရာအကများဖြင့်တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့်ဖော်ဆောင်ခြင်းမရှိသေးချေ။

(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာရှိရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ဆိုင်ကယ်၊ စက်ဘီးများကို အသုံးပြုမောင်းနှင်ကြသည်။ ကျေးရွာတွင်လျှပ်စစ်မီးမရှိပါ။ ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင်စာကြည့်တိုက်ရှိမရှိပါ။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ သို့သော်ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး လိုအပ်သောသတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင်သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီးကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွါးခြင်းနည်းပါးသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်သောအခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ကျေးရွာတွင် လျှပ်စစ်မီးမရှိ၍ထင်းကိုသာသုံးရပြီး ကျောင်းသားများမှာ ဖယောင်းတိုင်မီးနှင့်သာစာဖတ်ကြရပါသည်။ လူငယ်ပညာတတ်များရှိပြီးလူဦးရေအားလုံး၏ ၅၉%မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့် ကောင်းမွန်ပြီးကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ဂွမ်ြနယ်ဆေးရုံသို့ သွားရောက်ပြီးဆေးကုသမှုများခံယူနိုင်ကြသည်။ ကျေးရွာတွင်စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည်မြေပြန့်ဖြစ်ပြီးမြေဆီဩဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကိုအလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာ စပါးနှင့်ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ ကျေးရွာတွင်

မွေးမြူရေးကိုစီးပွားဖြစ်မမွေးကြပါ။ မွေးမြူရေးတွင် လိုအပ်သောနည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင်ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာအသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

(ခ) အဟန့်အတားနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေကိုထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အထွက်နှုန်းတိုးမြင့်စေရန်အားစိုက်ရပေမည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များရရှိရန်လိုအပ်သည်။ ကျေးရွာတွင်ငွေတိုးချေးသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသောစနစ်လည်းမရှိပဲ ချေးငွေလိုအပ်သောအိမ်ထောင်စုများမှာ စီးပွါးရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များဖြည့်စွက်ရာတွင် အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိသဖြင့်အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်းအိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တတ်သိပညာ၊ အထိအတွေ့တို့အားနည်းပါသည်။

၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

(၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်ဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၃) ကျွန်ုပ်တို့ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ မီးလင်းခြင်းမှတဆင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သောကျေးရွာတစ်ရွာ ဖြစ်လာစေရမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(၁) ကျေးရွာတွင်အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေး လုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာအခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင်စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများက တဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာထုတ်လုပ်မှုတိုးတက်စေမည်။

(၂) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာစျေးဆောက်လုပ်ကာ ကျေးရွာ၏ အခြေခံအဆောက်အဦများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ တချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက်စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စရပ်များ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊

ကျေးရွာတွင် စပါးကိုသီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နှင်းရေးအတွက်သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန် ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင်ပိုးမွှားနှိမ်နှင်းရေးနည်းပညာ အသစ်ရရှိရေးအတွက်စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ခ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက်လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစား စီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင်သမဝါယမအသင်းဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းကချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကိုဆောင်ရွက်သင့်သည်။

(ဂ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့်လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊စက်မှု၊ လက်မှုလုပ်ငန်း)အတွက်လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ထည့်သွင်းရေးဆွဲရန်ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှအသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါအဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက်လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

၈။ စီမံကိန်း စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

ကျွန်တော်တို့ကျေးရွာ၏ စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနိုင်လည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်ဖြစ်သည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက ကျေးရွာတွင် လိုအပ်ချက်များကို တင်ပြတောင်းဆိုထားသော စီမံချက်များထဲတွင် ငါးနှစ်တာကာလအတွက် မဲစနစ်ဖြင့်ဦးစားပေးရွေးချယ်ခဲ့ကြသော စီမံချက်များသည် ကျေးရွာတွင်လိုအပ်သောအဓိကလိုအပ်ချက်များကို ရွေးချယ်တင်ပြထားခြင်းဖြစ်ပါသည်။ ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင်နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း တဆက်တည်းရွေးချယ်ထားပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို တိုးမြင့်ဆောင်ရွက်သွားကြပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းစီမံချက်နှင့် စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာ နှင့်ရင်းနှီးမြှုပ်နှံမှုကိုအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာန များ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေ နိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီပွားရေးအကျိုးပြုဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန်အထောက်အကူပြုပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည် မြင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထု သည် နှစ်သစ်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေး အစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့ အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှ အောက်ပါ အတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ

ကဏ္ဍ/ အကြောင်းအရာ	အဆိုပြုစီမံချက်	ရမှတ်	ဦးစားပေး အဆင့်	မှတ်ချက်
စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှုပေးခြင်း	၂၈	၄	
ပညာရေး	ပညာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း	၂၅	၅	
စိုက်မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း	ဒေသနှင့်ကိုက်ညီသော အလုပ်ရုံစက်ရုံများဖန်တီးပေးခြင်း	၃၀	၃	

လမ်းပန်းဆက်သွယ်ရေး	ရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခြင်း	၆၀	၁	
မီးလင်းရေး	မဟာဓါတ်အားလိုင်းရရှိနိုင်ရန်ဆောင်ရွက်ပေးခြင်း	၅၅	၂	
အဆောက်အဦး	စာကြည့်တိုက်တည်ဆောက်ပေးခြင်း	၂၀	၆	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလကို စီမံချက်လုပ်ငန်းများ ပြီးမြောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်မှုပေါ်မူတည်ပြီး နှစ်စဉ်ပြုပြင်ရေးဆွဲမည်ဖြစ်ပြီး လက်ရှိအနေဖြင့်ရေးဆွဲထားသော စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	စိုက်ပျိုးရေးနည်းပညာ ဝန်ဆောင်မှုပေးခြင်း	၄		√			
၂	ပညာရေးဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း	၅			√		
၃	ဒေသနှင့်ကိုက်ညီသော အလုပ်ရုံစက်ရုံများဖန် တီးပေးခြင်း	၃		√			
၄	ရွာချင်းဆက်လမ်းနှင့်ရွာတွင်းလမ်းအားကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခြင်း	၁	√				
၅	မဟာဓါတ်အားလိုင်းရရှိနိုင်ရန် ဆောင်ရွက်ပေးခြင်း	၂	√				
၆	စာကြည့်တိုက်တည်ဆောက်ပေးခြင်း	၆			√		

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင်ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည်ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖေါ်ပြထားသောရည်ညွှန်းဘတ်ဂျက် ပမာဏတွင်ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖေါ်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန်စသည်)

စဉ်	စီမံကိန်း	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြင့်တင်ရေး	လူသားချင်းစာနာထောက်ထားမှု
၁	စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုပေးခြင်း				√	
၂	ပညာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း			√		
၃	ဒေသနှင့်ကိုက်ညီသောအလုပ်ရုံစက်ရုံများဖန်တီးပေးခြင်း			√		
၄	ရွာချင်းဆက်လမ်းနှင့်ရွာတွင်းလမ်းအားကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ပေးခြင်း			√		
၅	မဟာဓါတ်အားလိုင်းရရှိနိုင်ရန်ဆောင်ရွက်ပေးခြင်း			√		
၆	စာကြည့်တိုက်တည်ဆောက်ပေးခြင်း			√		
၇	စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုပေးခြင်း			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကိုကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘ၊ဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း ပညာရေးအရည်အသွေးကောင်းမွန် တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ မွေးမြူရေးအဖွဲ့မှလည်းမွေးမြူရေး ထွက်ကုန်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်စေ၍လယ်သမားအဖွဲ့က ကျေးရွာလယ်ယာထွက်ကုန်နှင့် ကုန်ထုတ်လမ်းအဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်တော်တို့ကျေးရွာအဖွဲ့က ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ မွေးမြူရေးအဖွဲ့မှလည်းမွေးမြူရေးထုတ်ကုန်ပစ္စည်းနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် အတွက်မြို့နယ်မွေးကဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာထုတ်ကုန်လုပ်ငန်းတိုးတက်လာရေးနှင့် အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်စိုက်ပျိုးရေးဝန်ကြီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနတို့နှင့်ဆက်သွယ်၍ စိုက်ပျိုးရေးနည်းပညာများအင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ နည်းပညာများကိုရယူပါမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားအတွက်အောက်ပါအဖွဲ့အစည်း၊ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေးမွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာ ဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)
- ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်တော်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိရမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောက်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာအဖွဲ့ခွဲအားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့်တံတားပြုပြင်ထိန်းသိမ်းရေးအတွက်

လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ၊ဆရာအသင်းစသည့်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ ပထမဦးစွာကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ ထိုမှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

(က) ကြီးကြပ်စစ်ဆေးခြင်း

ကျွန်တော်တို့သည် ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့တာဝန်ကျရာ ကဏ္ဍာအလိုက်စစ်ဆေးသုံးသပ်ပါမည်။ အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာပထမဆုံးသတင်းအချက်အလက်များရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည်စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည်အောက်ပါအချက်အလက်များပေါ်ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှု

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်း(၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ - ၃ မျက်နှာပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါသည်။ ၎င်းအစီရင်ခံစာတွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များလိုအပ်သော အကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါသည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကိုအောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။
- နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ် ပထမဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

ကိုးကားစာရင်း

၁။ ၂၀၁၅/၁၆။ ငဖြူကလေး၊ သာယာဝတီမြို့နယ်၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း။

၂။ ကျေးရွာအကျိုးတော်ဆောင်များဖြည့်စွက်ထားသော ထောက်ကူပြုဇယားများ။

၃။ကျေးရွာအကျိုးတော်ဆောင်များဖြည့်စွက်ထားသောတအိမ်ထောင်စုအချက်များ။

၄။ဗောဓိကျေးရွာအုပ်စုဆွေးနွေးခြင်းဆိုင်ရာအချက်အလက်များ။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	-	-	-	-
၁ နှစ်မှ ၅နှစ်အောက်	၅ နှစ်အောက်ကလေးငယ်	-	၁	၁	၁.၈၅
၅ နှစ်မှ ၉ နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၄		၄	၇.၄၀
၉ နှစ်အထက်မှ ၁၅ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃	၃	၆	၁၁.၁၁
၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄	၁၈	၃၂	၅၉.၂၅
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၉	၂	၁၁	၂၀.၃၇
စုစုပေါင်း လူဦးရေ		**၃၀**	**၂၄**	**၅၄**	**၉၉.၉၈**
စုစုပေါင်း အိမ်ထောင်စု - ၁၂		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - (၄ယောက်)**			

ရင်းမြစ်။ (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာတွင် (၁)နှစ်အောက်နို့စို့ကလေးအရွယ်မရှိပါ။ (၅)နှစ်အောက်ကလေးငယ် (၁)ယောက်သာရှိပြီး မူလတန်းကျောင်းသားအရွယ်နှင့် အလယ်တန်းကျောင်းသားအရွယ်များမှာများသော်လည်း လုပ်ကိုင်ရန်အလုပ်အကိုင်ရှားပါးကြောင်းတွေ့ရပါသည်။ သက်ကြီးရွယ်အိုများလည်း အသင့်အတင့်ရှိပြီး မှီခိုစားသောက်နေရကြောင်းလည်းတွေ့ရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူအင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင်လုပ်ငန်း	၅	၄၁.၆	၅	၂	လယ်၊ကွမ်း၊
	အလုပ်သမား၊ ကျပန်း၊	၁	၈.၃၃	၂		ကောက်စိုက်၊ပျိုးနှတ်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ရာသီအလိုက် အလုပ်သမား					
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၈.၃၃	၁	၁	ငါးဖမ်း
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၁၆.၆၆	၂		ငါးဖမ်း
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	၀	
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၈.၃၃	၁	၀	အုတ်ဖုတ်လုပ်ငန်း
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	၀	
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	၀	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	၀	
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	၀	
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၁	ကျောင်းဆရာ
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	၀	
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	၀	
၁၉	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂	၁၆.၆၆	၂	၂	အုန်းသီးတက်
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	၀	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၀	၀	၀	၀	
	စုစုပေါင်း	**၁၂**	**၁၀၀**	**၁၃**	**၅**	

ရင်းမြစ် ။ (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

